မြန်မာနိုင်ငံ၏ ရိုဟင်ဂျာဒုက္ခသည် ပြဿနာအတွက် ရှေ့ တွင် ရုန်းကန်ရမည့် ခရီးရှည်

Asia Report N°296 | 16 May 2018

Translation from English

Headquarters
International Crisis Group
Avenue Louise 149 • 1050 Brussels, Belgium
Tel: +32 2 502 90 38 • Fax: +32 2 502 50 38
brussels@crisisgroup.org

Preventing War. Shaping Peace.

မာတိကာ

အဓိကအကြောင်းအရာများအကျဉ်းချုပ် i

I. နိဒါန်း 1

II. နေရပ်ပြန်ပို့ရေး အလားအလာများ 3

III. ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများ၏ အခြေအနေ 8

   A. ဒုက္ခသည်စခန်းများမှ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု 9

   B. ARSA အပေါ် ဒုက္ခသည်များ၏ အမြင်များနှင့် အကြမ်းဖက်မှုကို အသုံးပြု ရခြင်း 14

IV. ပြဿနာက ရှေ့ မှာ ဘာတွေရှိမလဲ။ 18

   A. ဘင်္ဂလားဒေ့ရှ်တွင် 18

   B. ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် 21

V. နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍ 26

VI. သုံးသပ်ချက် 29

APPENDICES

A. Map of Myanmar 30

B. About the International Crisis Group 31

C. Crisis Group Reports and Briefings on Asia since 2015 32

D. Crisis Group Board of Trustees 33

အရေးကြီးသော တွေ့ ရှိချက်များ

ဘာတွေ အသစ်တွေ့ ရှိသလဲ။ ရခိုင်ပြည်နယ်တွင် မြန်မာ့တပ်မတော်၏ ရက်စက်ကြမ်းတမ်းသော စစ်ဆင်ရေးများကြောင့် ၂၀၁၇ ခုနှစ် ဩဂုတ်လကတည်းက ရိုဟင်ဂျာ ၇၀၀,၀၀၀ နီးပါး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားရကာ အစောပိုင်း ၂၀၁၇ ခုနှစ်က ထွက်ပြေးသွားသူ သောင်းဂဏန်းခန့်ထံသို့ သွားရောက်ပူးပေါင်းနေထိုင်ကြသည်။ နှစ်နိုင်ငံသည် ဒုက္ခသည်ပြန်ပို့ရေး မူဘောင်တစ်ရပ်ကို ချမှတ်ခဲ့သော်လည်း မကြာမြင့်သောကာလအတွင်း ပြန်လာရေးမှာ ဖြစ်နိုင်ဖွယ်မရှိသေးပေ။ အမှန်တကယ်တွင် ရိုဟင်ဂျာ အရေအတွက် အနည်းငယ်မှာ ဆက်လက်ထွက်ပြေးနေဆဲဖြစ်သည်။

ဤကိစ္စ ဘာကြောင့် အရေးကြီးသလဲ။ ဒုက္ခသည်များနှင့်ပတ်သက်ပြီး ရေရှည်မဟာဗျူဟာမချမှတ်နိုင်ခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်ရာ သိန်းနှင့်ချီသော ဒုက္ခသည်များသည် သောင်မတင် ရေမကျအခြေအနေတွင် ဆက်လက်နေထိုင်ရဦးမည့်အပြင် ဘင်္ဂလားဒေ့ရှ်လူမျိုးများ၏ ဒုက္ခသည်များအပေါ် သဘောထားခံယူချက်မှာ ပြောင်းသွားနိုင်သည်။ အာဏာပိုင်များသည် ဒုက္ခသည်များကို မြန်မာနိုင်ငံသို့ အတင်းပြန်ပို့ခြင်းသို့မဟုတ် နေရာတစ်ခုခုတွင် နေရာချထားခြင်းများ ရှိလာပါက နယ်စပ်နှစ်ဖက်စလုံးတွင် အကြမ်းဖက်မှုများဖြစ်လာနိုင်သည်။

ဘာလုပ်ပေးသင့်သလဲ။ မြန်မာအစိုးရသည် ကုလသမဂ္ဂနှင့် ၎င်း၏ မိတ်ဖက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခွင့်ပြုသင့်ပြီး နေထိုင်နေကြသူများအပေါ် လည်း လုံခြုံရေးနှင့် အခြားကန့်သတ်ထားမှုများကို ဖြေလျော့ပေးသင့်သည်။ ဘင်္ဂလားဒေ့ရှ်ဖက်တွင် အလှူရှင်များသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးသင့်သည့်နည်းတူ တချိန်တည်းတွင် အနာဂတ်ပေါင်းစည်းနေထိုင်နိုင်ရန် အလားအလာများ တိုးတက်လာရေးအတွက် ဒုက္ခသည်များကို လက်ခံထားရသည့် ကော့ဘဇားခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ရင်းနှီးမြှုပ်နှံသင့်သည်။

အဓိကအကြောင်းအရာများ အကျဉ်းချုပ်

လွန်ခဲ့သောရှစ်လအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်၏ လက်လွတ် စပယ် ရက်စက်ကြမ်းတမ်းသော စစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာ ၇၀၀,၀၀၀ နီးပါးခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖက်သို့ ထွက်ပြေးခဲ့ပြီး ၂၀၁၇ အစောပိုင်းနှင့် ယခင့်ယခင်နှစ်များက ထွက် ပြေးသွားနှင့်သူ ရိုဟင်ဂျာ ထောင်ပေါင်းများစွာ ရှိရာသို့ သွားရောက် ခိုလှုံနေထိုင်ခဲ့ကြသည်။ နှစ်နိုင်ငံသည် ဆန္ဒအလျောက် နေရပ်ပြန်ပို့ခြင်းအတွက် လုပ်ထုံးလုပ်နည်းမူဘောင်ကို သ ဘောတူခဲ့ကြသော်လည်း မည်သည့်ရိုဟင်ဂျာမှ ပြန်မသွားသည့်အပြင် အရေအတွက် အနည်းငယ်မှာ ဆက်လက်ထွက်ပြေးနေဆဲဖြစ်သည်။ ယင်းပြဿနာ၏ ဝန်ထုပ်ဝန်ပိုးသည် ဘင်္ဂလား ဒေ့ရှ်အပေါ် သို့ ကူးပြောင်းသွားသော်လည်း တာဝန်ယူရမည့် ဝတ္တရားသည် မြန်မာနိုင်ငံအပေါ် တွင် လုံးလုံးလျားလျားရှိနေသည်။ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပေါ် တာဝန်ခံမှုရှိစေ ရန်နှင့် ဆန္ဒအလျောက် နေရပ်ပြန်နိုင်မည့် အခြေအနေများကို ဖန်တီးရန် အစိုးရအား ဖိ အားပေးရေးအတွက် နိုင်ငံတကာက တစိုက်မတ်မတ် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့ရာတွင် ဝမ်းနည်းဖွယ်အမှန်တရားမှာ ကြိုတင်မှန်းဆနိုင်သည့် အနာဂတ်ကာလအတွင်းတော့ ဒုက္ခ သည် အမြောက်အများ အိမ်ပြန်ကြရန် မဖြစ်နိုင်သေးခြင်းဖြစ်ပြီး ထိုအချက်သည် မြန်မာနိုင်ငံ ရင်ဆိုင်နေရသော နိုင်ငံတကာက ပြင်းထန်စွာဝေဖန်နေမှု၏ အကြောင်းဖြစ်သည်။ ဒုက္ခသည် များအတွက် အစီအစဉ်ရေးဆွဲမှုများသည် အလျင်အမြန် နေရပ်ပြန်ရေးဟူသော ယူဆချက် အပေါ်တွင် အခြေခံလုပ်ဆောင်ရမည်ဖြစ်သလို မြန်မာနိုင်ငံတွင် ကျန်ရှိနေသော ရိုဟင်ဂျာ များကိုလည်း ဆက်လက် အကာအကွယ်ပေးရန် ကြိုးပမ်းရမည်ဖြစ်သည်။

ဒုက္ခသည်များအတွက် ရေရှည်အစီအစဉ်များ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် သိန်းချီသော လူအများသည် မရေမရာအခြေအနေတွင် ဆက်လက်နေထိုင်ရရန် အန္တရာယ် ရှိသည့်အပြင် လက်ရှိအခြေအနေကို အန္တရာယ်ကြီးမားသည့် လမ်းကြောင်းသို့ ဦးတည် သွားစေနိုင်သည်။ လောလောဆယ်တွင် ဘင်္ဂလားဒေ့ရှ်မှ အိမ်ရှင်အသိုင်းအဝိုင်းများနှင့် နိုင်ငံ ရေးအပေါ်လွှာမှသူများက ဒုက္ခသည်များအပေါ် ကြီးကြီးမားမား ဂရုဏာသက်နေကြသော် လည်း ဒီဇင်ဘာလရွေးကောက်ပွဲအပြီး စိတ်သဘောထားပြောင်းလဲသွားခဲ့လျှင်ဖြစ်စေ၊ အိမ် ရှင်အသိုင်းအဝိုင်းများအပေါ် ရေရှည်ဆိုးကျိုးသက်ရောက်မှုများ ရှိလာလျှင်ဖြစ်စေ ရိုဟင်ဂျာ တို့သည် ၎င်းတို့ဆန္ဒနှင့် ဆန့်ကျင်ကာ နေရပ်ပြန်ရန် ဖိအားပေးမှုကို ရင်ဆိုင်ရခြင်း သို့မဟုတ် ဝေးလံသော ဘာဆန် (Bhasan) ကျွန်းတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက တည်ဆောက်ထား သော စခန်းများကဲ့သို့သော လူအများနှင့်ဝေးရာ စခန်းများသို့ ရွှေ့ပြောင်းရခြင်းတို့ ဖြစ်လာ နိုင်သည်။ ယင်းကဲ့သို့ ဖြစ်ရပ်များသည် ပြန်လည်နေရာချထားခြင်း သို့မဟုတ် အချိန်မတန်ခင် နေရပ်ပြန်ပို့ခြင်းကို ဒုက္ခသည်များက စနစ်တကျ ဆန့်ကျင်ခြင်း၊ ပြန်သွားသော ဒုက္ခသည် များနှင့် လူအုပ်စုများကြားအကြမ်းဖက်မှုများဖြစ်ပွားခြင်း သို့မဟုတ် ရခိုင်ပြည်နယ်တွင် ARSA အတွက်

အသစ်တဖန်စည်းရုံးမှု ထပ်မံပေါ် ပေါက်ခြင်းတို့ကြောင့် နယ်စပ်၏ နှစ်ဖက်စလုံးတွင် မတည်ငြိမ်မှု သို့မဟုတ် အကြမ်းဖက်မှုများကို ဖြစ်ပေါ် စေနိုင်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် ထိုပြဿနာ၏ လူမှုရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ မဟာ ဗျူဟာမြောက် အကျိုးဆက်များသည် အဆင့်တိုင်းတွင် ရှုတ်ထွေးနေသည်။ ပုံမှန်အခြေအ နေမှာပင် ဒုက္ခားအာဏာပိုင်များ၏ လစ်လျူရှုခြင်းကို ခံနေရသော အိမ်ရှင်အသိုင်းအဝိုင်းများ သည် ဒဏ်ပိမှုကို ခံစားနေကြရသည်။ နိုင်ငံရေးနှင့် မူဝါဒချမှတ်သူများ အသိုင်းအဝိုင်းတွင် ထိုပြဿနာ၏ ကိုင်တွယ်ရခက်ခဲမှုနှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းမရှိသော်လည်း ဘင်္ဂ လားဒေ့ရှ် အစိုးရ၏ အချုပ်အခြာအာဏာ ကာကွယ်နိုင်စွမ်းကို ဆိုးဆိုးဝါးဝါး ထင်ဟပ်လာ နိုင်ခြင်းနှင့် လူမျိုးတုန်းသန့်စင်မှုကို သိလျက်နှင့် လက်ခံသည်ဟု အမိပ္ပါယ်ကောက်ခံရနိုင်ခြင်း တို့ကြောင့် ကိုင်တွယ်ရခက်ခဲမှုကို အသိအမှတ်ပြုရန် အများစုက တုန့်ဆိုင်းနေကြသည်။ ရို ဟင်ဂျာတို့အပေါ် လူထု၏ ဂရုဏာသက်မှုသည် အမြဲတမ်းရှိနေမည်မဟုတ်ပဲ လက်ရှိအခြေအ နေသည် မှန်းဆမရနိုင်သော လမ်းကြောင်းများသို့ ဖြစ်ပေါ် ပြောင်းလဲသွားနိုင်သည်။ ဒီဇင်ဘာ လ ရွေးကောက်ပွဲများအပြီးတွင် အစိုးရသစ် (လက်ရှိအစိုးရ အာဏာပြန်ရနိုင်ချေရှိသည်) သည် ခက်ခဲသော ရေရှည်ဆုံးဖြတ်ချက်များကို ချမှတ်ရတော့မည်ဖြစ်သည်။ ဤအကြောင်း အရာကို လာမည့် အစီရင်ခံစာတွင် အသေးစိတ်တင်ပြပါမည်။

မြန်မာနိုင်ငံသည် နေရပ်ပြန်လာမည့်သူများ၏ အရေအတွက်အကန့်အသတ်သာ ပံ့ပိုး နိုင်သော အခြေခံအဆောက်အဦအချို့ကိုသာ တည်ဆောက်ထားရာ အစောင့်အကြပ် ထူ ထပ်စွာ ချထားသော စခန်းများ ပုံစံဖြင့် တည်ဆောက်ထားသည်။ သို့ရာတွင် လူသားထုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများဟု သတ်မှတ်နိုင်သော နှိပ်စက်ညှင်းပန်းမှုများမှ ထွက်ပြေးခဲ့ ရပြီး ဆက်လက်ကြောက်ရွံ့နေကြကာ စိတ်ဒဏ်ရာရရှိခဲ့ကြသော ဒုက္ခသည်များအတွက် နေ ရပ်ပြန်ရန် ယုံကြည်စိတ်ချရမည့် အခြေအနေများကို ဖန်တီးပေးခြင်းနှင့်ပတ်သက်ပြီး အနည်း ငယ်သာ လုပ်ဆောင်ထားသည်။ အစိုးရသည် မီးလောင်ထားသော ရိုဟင်ဂျာကျေးရွာများ စွာကို မြေထိုးစက်ဖြင့် ထိုးပစ်ခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လမ်းသစ်များ၊ ဓာတ်အား လိုင်းများ၊ လုံခြုံရေးနှင့်ဆိုင်သော အခြေခံအဆောက်အဦများကို တည်ဆောက်နေကာ လက်ရှိကျေးရွာများကို တိုးချဲ့ ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အခြားတိုင်းရင်းသားများအခြေချနေထိုင် မည့် ရပ်ရွာသစ်များ တည်ဆောက်ခြင်းတို့ကို ခွင့်ပြုလျက်ရှိသည်။ သို့ဖြစ်ရာ ဒုက္ခသည်များ ၎င်းတို့၏ နေအိမ်နှင့် နေရပ်သို့ ပြန်ရန်ကိစ္စသည် အလားအလာမရှိရုံသာမကပဲ လက်တွေ့ တွင် မဖြစ်နိုင်ချေပိုများလာခဲ့သည်။ ရခိုင်တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များနှင့် ဒေသခံ အသိုင်းအဝိုင်းများသည် ရိုဟင်ဂျာများနေရပ်ပြန်မှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လျက်ရှိပြီး အစိုးရက ၎င်းတို့၏ ဆန့်ကျင်မှုကို လျော့ချရန် အနည်းငယ်သာ လုပ်ဆောင်မှုရှိသည် (အမှန်တကယ်တွင် အစိုးရကိုယ်တိုင်၏ ရခိုင်တိုင်းရင်းသားတို့နှင့် ဆက်ဆံရေးမှာ အေးခဲနေ သည်)။ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးထိပ်ပိုင်းအလွှာမှသူများနှင့် မြန်မာလူ့အဖွဲ့အစည်း

ကြားတွင်လည်း ရိုဟင်ဂျာတို့အပေါ် ရန်လိုစိတ်သည် ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ အမြစ်တွယ်လျက်ရှိသည်။

ရိုဟင်ဂျာ အများစုက တတိယနိုင်ငံများသို့သွားရန် ရည်ရွယ်ချက်မရှိကြောင်း ထုတ်ဖော် ပြောဆိုထားကြပြီး ထိုသို့ပြုလုပ်ရန် အခွင့်အလမ်းမှာလည်း နည်းပါးနေဆဲပင်ဖြစ်သည်။ ၎င်း တို့က နေရပ်ကိုသာ ပြန်ချင်ကြသည်။ ရိုဟင်ဂျာအများစုက ပြီးခဲ့သောလများအတွင်း နိုင်ငံတကာက ၎င်းတို့၏ အခက်အခဲကို မကြုံစဖူး သတိပြုမိလာခြင်းသည် ၎င်းတို့၏ လိုလားချက် အောင်မြင်ရန် အထောက်အကူပြုနိုင်သည်ဟု မျှော်လင့်နေကြသော်လည်း ဘင်္ဂလားဒေ့ရှ်တွင် နေထိုင်ခွင့်ကာလ သက်တမ်းတိုးရေးကို ပယ်ချခြင်း ခံထားရသည်။

ရခိုင် ရိုဟင်ဂျာကယ်တင်ရေးတပ် (ARSA) စစ်သွေးကြွအုပ်စုသည် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် အဖွဲ့ဝင်များနှင့် ထောက်ခံသူများကွန်ရက် ခိုင်ခိုင်မာမာရှိထားပြီး သူပုန် တပ်ဖွဲ့အဖြစ်လည်းကောင်း၊ နိုင်ငံရေးအင်အားစုအဖြစ်လည်းကောင်း ဆက်ရှိနေရန် ဆုံးဖြတ်ထားပုံရသည်။ ထိုကဲ့သို့ လုပ်နိုင်မည့် အတိုင်းအတာမှာမူ ရေရာမှုမရှိပေ။ ၎င်းတို့သည် ဇန်န ဝါရီ ၅ ရက်က နယ်စပ်ကို ဖြတ်ကျော်ကာ မြန်မာစစ်တပ်ယာဉ်တန်းကို အသေးစားတိုက်ခိုက်မှု ပြုလုပ်ခဲ့သော်လည်း ထို့နောက်တွင် မည်သည့်တိုက်ခိုက်မှုမှ လုပ်ဆောင်နိုင်ခြင်း မရှိပေ။ ၎င်းတို့သည် ကျယ်ကျယ်ပြန့်ပြန့်ရှိနေသော မကျေနပ်မှုများနှင့် ဒုက္ခသည်စခန်းများတွင်ရရှိ နေသော ဂရုဏာများကို နိုင်ငံရေးအခွင့်အာဏာနှင့် အဆက်မပြတ်နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများအဖြစ် ပြောင်းလဲနိုင်မလားဆိုသည်ကိုမူ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ၎င်းတို့ သည် ISIS နှင့် အယ်လ်ကိုင်ဒါ ကဲ့သို့သော နိုင်ငံတကာအကြမ်းဖက်အုပ်စုများနှင့် အချိတ်အဆက်ထူထောင်ထားသည့် အထောက်အထားမရှိပေ။ အမှန်တကယ်တွင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များလည်း သိရှိထားပုံရသည့်အတိုင်း ဒုက္ခသည်စခန်းများရှိ အခြေအနေများကို အကြမ်းဖက်မှု နှိမ်နင်းရေးရှုဒေါင့်မှ ရှုမြင်ခြင်းသည် အထောက်အကူ မဖြစ်နိုင်ပေ။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ ၁၀၀,၀၀၀ မှ ၁၅၀,၀၀၀ ခန့် နေထိုင်နေဆဲဖြစ်သော ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အခြေအနေတိုးတက်မှုရှိရေးသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကဆိုင် သော စိန်ခေါ်မှုမဟုတ်ပေ။ ယင်းကိစ္စသည် မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပုံစံပြောင်းမှုအပေါ်တွင် မူတည်နေသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ အထူးသဖြင့် ကျေးလက်ဒေသမှ ရိုဟင်ဂျာများအတွက် ဘဝသည် ပို၍ အကာအကွယ်မဲ့လာနေသည်။ ညမထွက်ရအမိန့်များ၊ စစ်ဆေးရေးဂိတ်များနှင့် အသွားအလာ ကန့်သတ်ချက်များကြောင့် ၎င်းတို့၏ လယ်ယာများ၊ ငါးဖမ်းသည့်နေရာများ၊ ဈေး၊ နေ့စားအလုပ်အခွင့်အလမ်းများ သို့မဟုတ် လူမှုရေးဆိုင်ရာဝန် ဆောင်မှုများကို ရယူရန် မဖြစ်နိုင်တော့ပေ။ အဆိုပါအသိုင်းအဝိုင်းများက ၎င်းတို့ ထွက်ခွာသွားလိုခြင်းမရှိသော်လည်း ကန့်သတ်ချက်များကို အမြန်ဆုံးဖြေလျှော့ပေးခြင်းမရှိပါက ရွေးချယ်စရာလမ်းမရှိဟု အများစုက ဆုံးဖြတ်နိုင်ကြောင်း ပြောကြားသည်။

နောက်ထပ်ယိုယွင်းလာမှုကို တားဆီးရန်အတွက် အနှောင်အဖွဲ့ကင်းသော ကုလသမဂ္ဂ နှင့် အကူအညီပေးရေးအေဂျင်စီများကို ရခိုင်မြောက်ပိုင်းသို့ သွားရောက်ခွင့်ပြုရန် မြန်မာအစိုး ရကို နိုင်ငံတကာအသိုင်းအဝိုင်းက ဆက်လက်တွန်းအားပေးသင့်သည်။ လုံခြုံရေးတပ်ဖွဲ့များ နှင့် အခြားအုပ်စုအချို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို တာဝန်ခံရန် ဖိအားပေးသင့်သည်။ ထို့အပြင် ဒုက္ခသည်များ နေရပ်ပြန်ရေးအလားအလာ တိုးတက်ရေးနှင့် ရခိုင်ပြည်နယ်တွင် ကျန်ရှိနေသော ရိုဟင်ဂျာများ နောက်ထပ်အစုအပြုံလိုက် ထွက်မပြေးအောင် ၎င်းတို့၏ အခြေအနေတည်ငြိမ်အေးချမ်းရေးအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အခြေအနေများကို အစိုးရက ပြောင်းလဲမှုများပြုလုပ်ရေးသေချာစေရန် အရေးကြီးလှသည်။ မကြာသေးမီက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ခန့်အပ်မှု၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်သို့ သွား ရောက်ခဲ့ပြီးသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆက်လက်ထိတွေ့ဆက်ဆံမှုနှင့် စုံစမ်းစစ်ဆေးမှုတို့သည် အဆိုပါကိစ္စရပ်များတွင် တိုးတက်မှုရလဒ် ထွက်ပေါ်လာစေနိုင်သည်ဟု မျှော်လင့်ရသည်။ ကုလသမဂ္ဂနှင့် ဆက်ဆံရေး တိုးတက်စေရေးအတွက် အာမခံထားသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုံးမှ မကြာမီက ထုတ်ပြန်သော ကြေ ညာချက်နှင့် သမ္မတသစ်ခန့်အပ်ခြင်းတို့သည် အစိုးရ၏ နည်းလမ်းပြောင်းလဲရန်အတွက် လမ်း ပွင့်လာနိုင်သည်။

သို့ရာတွင် လက်တွေ့ ကျကျဆိုရပါက ဘင်္ဂလားဒေ့ရှ်ဖက်သို့ ထွက်ပြေးသွားကြသော သိန်းဂဏန်းရှိ ရိုဟင်ဂျာများစွာသည် မကြာမီအတောအတွင်း ပြန်လာဖွယ်မရှိသေးပေ။ ထို့ကြောင့် အလှူရှင်များအနေဖြင့် ကာလရှည်ရှုန်းကန်ရန်အတွက် ကြိုတင်ပြင်ဆင်ထားသင့် သည်။ အလှူရှင်များသည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်မှုများအတွက်သာ ရန်ပုံငွေ ထောက်ပံ့ရုံသာမကပဲ လက်ခံထားရသော အိမ်ရှင်ရပ်ရွာလူထု၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချ ပေးရန်၊ ဒုက္ခသည်များကို ဒေသခံများက ဆန့်ကျင်လာမည့် အန္တရာယ်ကို လျှော့ချရန်နှင့် ဒုက္ခ သည်များ၏ ဒေသခံနှင့် ပေါင်းစည်းနေထိုင်မှု လွယ်ကူချောမွေ့စေမည့် ပတ်ဝန်းကျင်ကို ဖန် တီးပေးရန်အတွက် ၎င်းတို့ လက်ရှိနေထိုင်နေသော ကော့ဘဇား (Cox's Bazar) ခရိုင် ဖွံ့ဖြိုး ရေးအတွက်ပါရင်းနှီးမြှုပ်နှံသင့်သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရိုဟင်ဂျာများအနေဖြင့် အချိန်အကန့်အသတ်မရှိ ဆက်လက်နေထိုင်နေလိမ့်ဦးမည်ဆိုသည်ကို အသိအမှတ်ပြုရေး အတွက် ပြည်တွင်းနိုင်ငံရေးတွင် ပေးဆပ်ရမည့် အရေးများရှိခြင်းကြောင့် လက်ရှိအခြေအနေ ၌ အစိုးရက ငြင်းဆန်လျက်ရှိသည်။ အလားတူပင် အနောက်နိုင်ငံအစိုးရအတော်များများ သည် ဒုက္ခသည်များနေရပ်ပြန်ရေး အလားအလာများမှာ နည်းပါးလှသည်ကို ရှင်းရှင်းလင်း လင်း အသိအမှတ်မပြုလိုကြသည်မှာလည်း သဘာဝကျသည်ဟုဆိုနိုင်သည်။ သို့ရာတွင် အ စိုးရ၊ အလှူရှင်များနှင့် နိုင်ငံစုံအဖွဲ့အစည်းများအကြား ရေရှည်ခံမည့် ဖြေရှင်းနည်းများနှင့်ပတ် သက်၍ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်နေရန် အရေးကြီးလှသည်။ ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်တွင် ရေရှည်နေထိုင်ရေးအတွက် အစီအစဉ်များကို ရေးဆွဲရန် ပျက်ကွက်ပါက

၎င်းတို့ခံစားနေရသော ဒုက္ခများကို ပိုဆိုးစေမည့်အပြင် ပြဿနာကို ပိုမိုအန္တရာယ်များသော လမ်းကြောင်းဆီသို့ တွန်းပို့မည့် အန္တရာယ်ရှိသည်။

ဘရပ်ဆဲလ်စ်၊ ၂၀၁၈ ခုနှစ် မေလ ၁၆ ရက်

International Crisis Group

Asia Report N°296 **16 May 2018**

မြန်မာနိုင်ငံ၏ ရိုဟင်ဂျာဒုက္ခသည်ပြဿနာအတွက် ရှေ့တွင် ရှုန်းကန်ရမည့် ခရီးရှည်

I. နိဒါန်း

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်သည် ပြည်မနှင့် နယ်စွန်နယ်ဖျား တင်းမာမှုများ၊ လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းများ၏ ဆိုးကျိုးကြောင့် ကာလကြာရှည်စွာ ဘေးဒုက္ခသင့်ခဲ့ရသည်။[1] ရခိုင်ပြည်နယ်၏ စိုးရိမ်စရာ ကောင်းလွန်းသော ရှုတ်ထွေးသည့် အခြေအနေသည် စစ်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံ၏ အလုံးစုံအောင်မြင်မှုအတွက် အရေးပါသော ခြိမ်းခြောက်မှုဖြစ်လာလိမ့်မည်ဟု Crisis Group က ၂၀၁၄ တွင် သတိပေးခဲ့ဘူးသည်။[2] ရခိုင်ပြည်နယ်မှ မူဆလင်များ၊ အထူး သဖြင့် ရိုဟင်ဂျာများသည် အစိုးရက ထောက်ခံအားပေးသော ခွဲခြားဆက်ဆံမှုများနှင့် ရပိုင် ခွင့်များ ငြင်းပယ်ခံရမှု (အသားအရောင်ခွဲခြားမှုနှင့် လူသားထုအပေါ် ကျူးလွန်သော ရာဇဝတ် မှုဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International က ယူဆသတ်မှတ် သော) များကို ကာလကြာရှည် ခံစားခဲ့ကြရသည်။[3]

---

[1] For detailed background on Rakhine State, see Crisis Group Asia Reports N°s 292, *Myanmar's Rohingya Crisis Enters a Dangerous New Phase*, 7 December 2017; 283, *Myanmar: A New Muslim Insurgency in Rakhine State*, 15 December 2016; 261, *Myanmar: The Politics of Rakhine State*, 22 October 2014; and 251, *The Dark Side of Transition: Violence Against Muslims in Myanmar*, 1 October 2013. For other recent Crisis Group reporting on Myanmar, see Asia Briefings N°s 149, *Myanmar's Peace Process: Getting to a Political Dialogue*, 19 October 2016; 147, *The Myanmar Elections: Results and Implications*, 9 December 2015; also, Asia Reports N°s 290, *Buddhism and State Power in Myanmar*, 5 September 2017; 287, *Building Critical Mass for Peace in Myanmar*, 29 June 2017; and 282, *Myanmar's New Government: Finding Its Feet?* 29 July 2016.

[2] Crisis Group အစီရင်ခံစာ ရခိုင်ပြည်နယ်၏ နိုင်ငံရေး- မြန်မာနိုင်ငံ အနောက်ပိုင်း ရခိုင်ပြည်နယ်သည် တိုင်းပြည်တွင် အဆင်းရဲဆုံးဒေသ တစ်ခုဖြစ်သည်။ ရပ်ရွာအသိုင်းအဝိုင်းနှင့် အစိုးရ နှစ်မျိုးစလုံး၏ ဖိနှိပ်သောစည်းကမ်းများ၊ ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းများမှတဆင့် မူဆလင်ဆန့်ကျင်ရေး ခွဲခြားဆက်ဆံမှုတို့သည် အလွန်အမင်းမွဲတေမှုနှင့် ခွဲ၍ မရပေ။ ရခိုင်ပြည်နယ်၏ လူဦးရေ ၃.၂ သန်း (၂၀၁၄ သန်းခေါင်စာရင်း) တွင် ရခိုင်ဗုဒ္ဓဘာသာ အများစု (၆၀ ရာခိုင်နှုန်း)နှင့် မူဆလင် အနည်းစု (၃၅ ရာခိုင်နှုန်း) ပါဝင်ဖွဲ့စည်းထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်မူ ၂၀၁၂ ထွက်ပြေးမှုမတိုင်မီ မူဆလင်များက လူများစုဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ချင်း၊ မြို၊ ခမီ၊ ဒိုင်နက်၊ မရမာကြီးနှင့် ကမန် စသော လူနည်းစု တိုင်းရင်းသားများလည်း ရှိသည်။

[3] "'Caged without a roof': Apartheid in Myanmar's Rakhine State", Amnesty International, November 2017.

ဟာရာကာ အယ်လ် ယာကင် (ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လှုပ်ရှားမှု) [Harakah al-Yaqin (Faith Movement)] ဟု သူတို့ကိုယ်သူတို့ အမည်ပေးထားသော ရခိုင် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) စစ်သွေးကြွအုပ်စုသည် ၂၀၁၂ က ဖြစ်ပွားသော လူမျိုးရေး ပဋိပက္ခအပြီးတွင် ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့သည် ၂၀၁၆ အောက်တိုဘာလနှင့် ၂၀၁၇ ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများသည် မြန်မာစစ်တပ်၏ အလွန်အကျွံ လက်တုန့်ပြန်မှုများကို ဖြစ်ပေါ်စေခဲ့ရာ လူသားထုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် အစုအပြုံလိုက် သတ်ဖြတ်မှုများ ပတ်သက်ဆက်နွယ်နိုင်သော လူမျိုးတုန်းသန့်စင်မှုဟု ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရများနှင့် လူ့အခွင့်အရေးအုပ်စုများက တံဆိပ်ကပ်ခဲ့ကြသည်။ ၂၀၁၇ ဩဂုတ်လ ၂၅ ရက် နောက်ပိုင်း တွင် ရိုဟင်ဂျာ ၇၀၀,၀၀၀ နီးပါးခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖက်သို့ ထွက်ပြေးသွားခဲ့ကြသည်။[4]

ဤအစီရင်ခံစာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများနှင့် မြန်မာနိုင်ငံ တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးဆိုင်ရာ၊ ပဋိပက္ခဆိုင်ရာ အရွေ့များနှင့် အားများကို ဆန်းစစ်ခြင်း၊ ပြဿနာမည်သို့ ဖြစ်ပေါ်တိုးတက်လာနိုင်သည်ကို လေ့လာခြင်းနှင့် ပြဿနာကို ဖြေရှင်း ရန် မြန်မာအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် မည်သည့်ရွေးချယ်စရာ နည်းလမ်းများရှိသည်ကို ဆန်းစစ်ရှာဖွေခြင်းတို့ကို ပြုလုပ်ထားသည်။ ဤအစီရင်ခံစာသည် သံတမန် များနှင့် အကူအညီပေးရေးအေဂျင်စီကိုယ်စားလှယ်များ၊ ARSA အဖွဲ့ဝင်များ၊ ရိုဟင်ဂျာစကား ပြောတတ်သော အတွေ့အကြုံရှိသူများက ပြုလုပ်ခဲ့သော ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများ ရှိ ရိုဟင်ဂျာဒုက္ခသည် ၁၀၀ ကျော် (အမျိုးသားများ၊ အမျိုးသမီးများ၊ စာတတ်သူများ၊ စာမ တတ်သူများ) နှင့် တွေ့ဆုံမေးမြန်းမှုများ အပါအဝင် ၂၀၁၇ နိုဝင်ဘာလ နောက်ပိုင်း မြန်မာ နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြုလုပ်ခဲ့သော သုတေသနအပေါ်အခြေခံထားသည်။ ရခိုင် ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်နေဆဲ ရိုဟင်ဂျာများနှင့်လည်း အချို့တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ခဲ့ရာ သွားလာမှုတားမြစ်ချက်များနှင့် ဖြေကြားသူများ ဘေးကင်းရန် လိုအပ်မှုတို့ ကြောင့် အဝေးမှ ဆက်သွယ်မေးမြန်းခဲ့သည်။ ဤအစီရင်ခံစာသည် ARSA ၏ အနေအထား အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အခြေအနေ၊ ဒုက္ခသည်များ နေရပ်ပြန်ပို့ရန် အလား အလာများနှင့် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများ၏ အခြေအနေတို့ကို လေ့လာဆန်းစစ်ထား သည်။ လာမည့်အစီရင်ခံစာတွင် ဒုက္ခသည်များ ရုတ်တရက်အမြောက်အများ ဝင်ရောက်လာ မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုများအကြောင်းကို ၂၀၁၈ ဒီဇင်ဘာ လ ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲနှင့် ဆက်စပ်နေသော အခြေအနေများနှင့်အတူ လေ့လာ ဆန်းစစ်သွားမည်ဖြစ်သည်။

[4] Inter Sector Coordination Group Situation Report: Rohingya Refugee Crisis, Cox's Bazar, 26 April 2018.

II. နေရပ်ပြန်ပို့ရေး အလားအလာများ

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရများသည် ဇန်နဝါရီလ ၂၃ ရက်တွင် စတင်ရန်ဖြစ်ပြီး ၂ နှစ်အတွင်း အပြီးသတ်ရန်ဖြစ်သော ဒုက္ခသည်များ နေရပ်ပြန်ပို့ရေး အစီအစဉ်အတွက် လုပ်ထုံးလုပ်နည်း မူဘောင်ကို သဘောတူညီမှု ရရှိထားကြသည်။[5] သို့ရာတွင် ရခိုင်ပြည်နယ် ၏ အခြေအနေသည် ပြန်ပို့ရန် ဖြစ်နိုင်ချေမရှိသည့်အပြင် မည်သည့်ဒုက္ခသည်ကမှ တရား ဝင်လမ်းကြောင်းများမှ ပြန်လာခြင်းမရှိသေးပေ။ ဤအခြေအနေသည် အချိန်တိုနှင့် ကာလ တစ်ခုအတွင်း ပြောင်းလဲသွားရန် အလားအလာမရှိသည့်အပြင် အမှန်တကယ်တွင် ရခိုင်မှ ဘင်္ဂလားဒေ့ရှ်သို့ ရိုဟင်ဂျာများ ဆက်လက်ထွက်ခွာနေသည်။ အတင်းအကြပ် ပြန်ပို့မည့် ကိစ္စသည် ဒုက္ခသည်စခန်းများကို ကူညီပံ့ပိုးနေသည့် ကြီးမားသော လူသားချင်းစာနာမှု ဆိုင် ရာ လုပ်ဆောင်မှုများတွင် အလှူရှင်များ၏ ပံ့ပိုးအားပေးမှု သေချာစေရေးနှင့် ဒီဇင်ဘာလ ရွေး ကောက်ပွဲ၏ အကျိုးစီးပွားကို ပျက်စီးစေနိုင်သည်ဟူသော ဘင်္ဂလားဒေ့ရှ်အစိုးရ၏ တွက်ချက် မှုများကြောင့် လာမည့်လပိုင်းအတွင်း အတင်းအကြပ်ပြန်ပို့မှုများ ဖြစ်နိုင်ဖွယ်မရှိပေ။ ဘင်္ဂ လားဒေ့ရှ်၏ အဝါမီလိဂ် (Awami League) အစိုးရသည် ရွေးကောက်ပွဲအတွက် မဲဆွယ်ခြင်း ထောက်ကူပစ္စည်းများတွင် ရိုဟင်ဂျာဒုက္ခသည်များအပေါ် ဂရုဏာသက်မှုကို ဖော်ပြထား သည်။

နေရပ်မပြန်သည့်ကိစ္စသည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစလုံး၏ သံတမန်ရေး က စားကွက်အတွက် အကြောင်းအရာတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံက နေရပ်ပြန်ခြင်း အစီအ စဉ်အတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများကို စီစဉ်ထားပြီးဖြစ် ကြောင်းနှင့် ကြန့်ကြာမှုမှန်သမျှအတွက် တာဝန်မရှိကြောင်း အကြိမ်ကြိမ် ပြောကြားခဲ့သည်။[6] သို့ရာတွင် ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီး (UNHCR) ဖိလစ်ပိုဂရမ်ဒီက "နေရပ် ပြန်ခြင်းအစီအစဉ် ထောက်ပံ့ဖြည့်ဆည်းမှုကို ပံ့ပိုးပေးသည့် အခြေခံအဆောက်အဦများ တည် ဆောက်သည့်ကိစ္စသည် ဆန္ဒအလျောက် နေရပ်ပြန်ရန် ထိုက်သင့်သည့် အခြေအနေများ ဖန်တီးပေးမှုနှင့် ရောထွေးခြင်း မပြုသင့်ပါ" ဟု ဇန်နဝါရီလ ၁၃ ရက်တွင် လုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။[7] UNHCR နှင့် ကုလသမဂ္ဂအေဂျင်စီ အများစုသည် ၂၀၁၇ ဩဂုတ်လတွင် နောက်ဆုံး ပဋိပက္ခ စတင်ပြီးကတည်းက ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်နိုင်ခြင်း မရှိတော့သော်လည်း မြန်မာအစိုးရသည် UNHCR, ကုလသမဂ္ဂ

[5] နှစ်နိုင်ငံ သဘောတူညီမှုရရှိသော မူဘောင် ၂၃ နိုဝင်ဘာ ၂၀၁၇ "ရခိုင်ပြည်နယ်မှ အိုးအိမ်စွန့်ခွါ ထွက်ပြေးသူများ ပြန်လာရေး အစီအစဉ်"၊ ၁၉ ဒီဇင်ဘာ ၂၀၁၇ "ပူးတွဲလုပ်ငန်းကော်မတီဆိုင်ရာစည်းကမ်းများ"၊ ၁၆ ဇန်နဝါရီ ၂၀၁၈ နေရပ်ပြန်လိုသူများ ကြိုတင်ဖြည့်စွက်ရမည့် စီစစ်ရေးပုံစံ အပါအဝင် နေရပ်ပြန်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ စီစဉ်မှုများ။

[6] For example, "Diplomats, UN officials witness true situation in Rakhine State", *Global New Light of Myanmar* [*GNLM*], 16 February 2018.

[7] "Briefing on Myanmar at the United Nations Security Council", Filippo Grandi, UN High Commissioner for Refugees, 13 February 2018; "Union official: the real Rakhine", *GNLM*, 15 March 2018.

ဖွံ့ဖြိုးရေးအစီအစဉ်တို့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ လုံခြုံရေးကောင်စီ၏ မြန်မာခရီးစဉ်အပြီးတွင် ကုလသမဂ္ဂနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် တံခါးဖွင့်ထားသည်ဟု မကြာသေးမီက ဖော်ပြခဲ့သည် (အ ခန်း V တွင်ကြည့်) ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဆန္ဒအလျောက် နေရပ်ပြန်ခြင်း (မည်သည့်ရိုဟင်ဂျာကိုမှ ၎င်းတို့၏ ဆန္ဒကို ဆန့်ကျင်၍ အတင်းအကြပ် ပြန်ပို့မည်မဟုတ်) ကိုသာ ဖြစ်စေရန် သန္နိဋ္ဌာန် ချထားကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း နေရပ်ပြန်သူများကို လက်ခံရန် မြန်မာ နိုင်ငံက ဆန္ဒရှိ၊ မရှိ စမ်းသပ်ရန် ကြိုးစားခဲ့သည်။ နေရပ်ပြန်မည့် အရေအတွက်စာရင်းကို အောက်ပါအတိုင်း ကြေညာခဲ့သည် -

- ဒီဇင်ဘာလနှောင်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက နေရပ်ပြန်ပို့မည့် ရိုဟင်ဂျာဦးရေ ၁၀၀,၀၀၀ ကနဦးစာရင်းကို မြန်မာနိုင်ငံက စီစစ်နိုင်ရန်အတွက် ပို့ပေးမည်ဟု အဆိုပြုခဲ့ သည်။ ထိုစာရင်းမှာ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက ပြုစုထားသော ဒုက္ခသည်များ၏ ဇီဝနည်းပညာ စီစစ်မှု (biometric) အချက်အလက်များမှ ရယူရေးဆွဲထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုအချက်အလက်များသည် အိမ်ထောင်စုအချက်အလက်များ ပါဝင်ခြင်း မရှိ သောကြောင့် အိမ်ထောင်စုဇယားကို အခြေခံသော စာရင်းကို ပြုစုရန် မဖြစ်နိုင်ပဲ နောက် ပိုင်းတွင် စီစစ်ရန် အဆိုပြုမှုကို တိတ်တဆိတ် ရုတ်သိမ်းခဲ့သည်။[8]
- ဇန်နဝါရီ ၁၅ ရက်တွင် ပထမဆုံး ပြန်ပို့မည့်အသုတ်တွင် ထည့်သွင်းစေချင်သော ဟိန္ဒူ ၅၀၈ ဦးစာရင်းနှင့် မြန်မာနိုင်ငံတွင် နေထိုင်မှုကို စီစစ်ပြီးဖြစ်သော မူဆလင် ၇၅၀ ဦးစာ ရင်းကို မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ ပေးအပ်ခဲ့သည်။ သို့ရာတွင် ထိုသူများက မြန်မာ နိုင်ငံသို့ပြန်ရန် ဆန္ဒရှိကြောင်း ရည်ညွှန်းချက် မပါရှိပေ။ ဘင်္ဂလားဒေ့ရှ်ကလည်း ထိုသူများ ကို ပြန်ပို့ရန် လုပ်ဆောင်ခြင်း မပြုခဲ့ပေ။[9]
- ဖေဖော်ဝါရီလ ၁၅ - ၁၇ အတွင်း မြန်မာနိုင်ငံပြည်ထဲရေးဝန်ကြီး၏ ဒက္ကားခရီးစဉ်တွင် နေ ရပ်ပြန်ပို့မှု ပထမအဆင့် စတင်ရန်အတွက် ရိုဟင်ဂျာ အိမ်ထောင်စု ၁၆၇၃ စု (၈,၀၃၂ ဦး) စာရင်းကို ဘင်္ဂလားဒေ့ရှ်က လွှဲပြောင်းပေးခဲ့သည်။ မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်သည် သဘောတူထားသော ပုံစံစာရွက်ကို အသုံးပြုရန် ပျက်ကွက်ခဲ့ပြီး ဆန္ဒအလျောက် နေ ရပ်ပြန်ရန် လိုလားမှုကို ကြေညာခြင်းအပါအဝင် အဓိကစီစစ်ရန်အချက်များ ချန်လှပ်ထား သောကြောင့် စာရင်းကို ဆန်းစစ်ရန် မဖြစ်နိုင်အောင် ပြုလုပ်ထားသည်ဟု ပြောကြားခဲ့ သည်။ သို့သော်လည်း ထိုစာရင်းမှ

[8] Crisis Group ၏ တွေ့ ဆုံမေးမြန်းခြင်းများ - ကုလသမဂ္ဂ တာဝန်ရှိသူများနှင့်၊ ရန်ကုန်နှင့် ဒက္ကားတွင် မေးမြန်း၊ ဇန်နဝါရီ ၂၀၁၈။ See also "100,000 Rohingya on first repatriation list", *Dhaka Tribune*, 27 December 2017.

[9] Crisis Group ၏ တွေ့ ဆုံမေးမြန်းခြင်းများ - ကုလသမဂ္ဂ တာဝန်ရှိသူများနှင့်၊ ရန်ကုန်နှင့် ဒက္ကားတွင် မေးမြန်း၊ ဇန်နဝါရီ ၂၀၁၈။ "လာမည့်အပတ်တွင် ရိုဟင်ဂျာ ၁၂၀၀ ကျော် ပြန်လာမည်ဟု မြန်မာပြောကြား" ဧရာဝတီ ၁၆ ဇန်နဝါရီ ၂၀၁၈ ကိုလည်းကြည့်။

နေရပ်ပြန်ရန် သတ်မှတ်ချက် ကိုက်ညီသော ၆၇၅ ဦး ကို စီစစ်ပြီးကြောင်း မြန်မာနိုင်ငံက ဧပြီလအစောပိုင်းတွင် ကြေညာခဲ့သော်လည်း ထိုသူ များ မည်သည့်အချိန်တွင် ပြန်လာမည်၊ ထိုသို့ပြန်လာရန် လိုလားမှုရှိသလားဟု မေးမြန်း ခြင်း ရှိ၊ မရှိ စသည့်အချက်များ မသဲကွဲပေ။[10]

- နေရပ်ပြန်ရေးတွင် အဓိက အတားအဆီးမှာ ကြောက်ရွံ့ မှုပင်ဖြစ်သည်။ ပြီးခဲ့သော လများအတွင်း ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများ၌ ရိုဟင်ဂျာများနှင့် Crisis Group က တွေ့ဆုံမေးမြန်းမှုများတွင် ဒုက္ခသည်အများစုက အခြေအနေကောင်းသည်နှင့် တပြိုင်နက် ရခိုင်ပြည်နယ်ရှိ ကျေးရွာများသို့ ပြန်ချင်ကြောင်း ပြောကြားခဲ့ကြပြီး အနည်းစုကသာ ဘင်္ဂလားဒေ့ရှ်တွင်ဖြစ်စေ၊ တတိယနိုင်ငံများတွင် ဖြစ်စေ အခြေချနေထိုင်လိုကြောင်း ပြောကြားကြသည်။ သို့ရာတွင် ရိုဟင်ဂျာတို့သည် သိက္ခာရှိရှိနှင့် ဘေးကင်းလုံခြုံစွာ ပြန်နိုင်မှသာ အိမ်ပြန်လိုကြသည်။ ဒုက္ခသည်များစွာက ၎င်းတို့သည် နေအိမ်များ၊ မြေယာများ၊ ကျွဲနွားများ၊ လုပ်ငန်းများ၊ စုဆောင်းငွေများနှင့် ချစ်ခင်ရသူများ စသည့် အရာရာကို ဆုံးရှုံးခဲ့ရပြီဟု ပြောကြားကြသည်။ ယခုအချိန်သည် ၎င်းတို့ဆုံးရှုံးခဲ့သော အရာရာအတွက် နစ်နာကြေး ရပိုင်ခွင့်ရှိသည့် အချိန်ဖြစ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ၎င်းတို့အနေနှင့် ထိုရပိုင်ခွင့်ကို ရယူရန် ခက်ခဲကြောင်းကို နားလည်သဘောပေါက်ကြသော်လည်း အမှန်တကယ် ရွေးချယ်စရာမရှိကြပဲ စောင့်ဆိုင်းခြင်းနှင့် မျှော်လင့်ခြင်းမှတပါး မတတ်နိုင်ကြောင်းဆိုကြသည်။[11]

မြန်မာနိုင်ငံသည် အိမ်ပြန်ရန် ကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေကို ဖန်တီး ရန် အနည်းငယ်သာလုပ်ဆောင်ခဲ့သည်။ ထိုသို့ လှုပ်ဆောင်မှုမရှိခြင်းသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု၏ ပြင်းထန်မှုကို အစိုးရနှင့် စစ်တပ်က ဆက်လက်ငြင်းဆန် နေသော အကြောင်းရင်းက စတင်ခဲ့သည်။ ပြီးခဲ့သောလုပ်ရပ်များကို လက်ခံခြင်းမရှိပဲ နောက် ထပ် မတရားပြုကျင့်မှုများ မဖြစ်ပွားစေမည့် အဓိပ္ပါယ်ရှိသော ဆောင်ရွက်ချက်များ မရှိနိုင်ပေ။ မှားယွင်းကျူးလွန်ကြောင်း တစ်ခုတည်းသော တရားဝင်လက်ခံအသိအမှတ်ပြုမှုအနေဖြင့် အင်းဒင်ရွာတွင် ရိုဟင်ဂျာ အမျိုးသား ၁၀ ဦးကို ဥပဒေမဲ့ သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်သော အ ကြောင်းအရာသာရှိခဲ့သည့်တိုင် ယင်းကိစ္စကို ဖေါ်ထုတ်ခဲ့သော ရိုက်တာသတင်းထောက် နှစ် ဦးမှာမူ ထောင်ထဲတွင် ထိန်းသိမ်းခံနေရဆဲဖြစ်ပြီး နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် စွဲ ချက်တင်ခြင်းကို ရင်ဆိုင်နေကြရသည်။[12] မတ်လ ၁၉

[10] "Union official: the real Rakhine", *GNLM*, 15 March 2018; "Myanmar to accept over 600 refugees from Bangladesh", *Mizzima*, 5 April 2018.

[11] Crisis Group က ရိုဟင်ဂျာဒုက္ခသည်များနှင့် တွေ့ ဆုံမေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။ "အိမ်ပြန်ဖို့အတွက် ဘေးကင်းပြီလို့ မခံစားရသေးဘူး" ရိုဟင်ဂျာဒုက္ခသည်တို့၏ အသံများ၊ Oxfam ၁၈ ဒီဇင်ဘာ ၂၀၁၇။

[12] "မောင်းတောမြို့နယ် အင်းဒင်ရွာသုသာန်တွင် အမည်မသိ အလောင်းများတွေ့ရှိမှုနှင့်ပတ်သက်၍ စစ်ဆေး တွေ့ရှိချက်များကို တပ်မတော်စုံစမ်းရေးအဖွဲ့ ထုတ်ပြန်" နေပြည်တော် ၁၀ ဇန်နဝါရီ ၂၀၁၈။ "မြန်မာနိုင်ငံမှ အစုအပြုံလိုက် သတ်ဖြတ်မှု" ရိုက်တာ ၈ ဖေဖေါ်ဝါရီ ၂၀၁၈။ "မြန်မာရဲတပ်ဖွဲ့ မျက်မြင်သက်သေက ရိုက်တာသတင်းထောက်များ၏ နေအိမ်ကို သတင်းအရ ရှာဖွေဟု ပြောကြား" ရိုက်တာ ၇ မတ် ၂၀၁၈။

ရက် မိန့်ခွန်းတွင် တပ်မတော်ကာ ကွယ်ရေးဦးစီးချုပ်က ရိုဟင်ဂျာများသည် အပြင်လူများသာ ဖြစ်သည်ဟူသော သဘောထား ကို ထပ်မံပြသခဲ့ပြီး "၎င်းတို့သည် မြန်မာနိုင်ငံမှ တိုင်းရင်းသားများနှင့် တူညီသည့် ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများမရှိကြ" ဟု ပြောဆိုခဲ့သည်။ အဆိုပါ မှတ်ချက်များနှင့်ပတ်သက်ပြီး တုန် လှုပ်မိကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။[13]

ရခိုင်ပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်ရခိုင်များနှင့် အခြားမူဆလင်မဟုတ်သူများက ဒုက္ခ သည်များ နေရပ်ပြန်မှုမှန်သမျှကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံ တလွှားမှ အများစုကလည်း ယင်းကဲ့သို့သော အမြင်များကို သဘောတူကြသည်။ မကြာသေး မီက လွှတ်တော်အတွင်း အခြေအတင်ဆွေးနွေးမှုသည် ရိုဟင်ဂျာနေရပ်ပြန်မှုကို ဆန့်ကျင် သောအမြင် ပြည်တွင်း၌ အားကောင်းမှုကို ပြသသည့် ထင်ရှားသော နမူနာဖြစ်သည်။ မတ်လ ၁၄ ရက်က ပြည်သူ့လွှတ်တော်တွင် ကမန်မူဆလင် အိမ်ထောင်စု ၅၅ စုကို ရခိုင်မှ ရန်ကုန်သို့ ရွှေ့ပြောင်းပေးမည့် အစိုးရ၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းသည့်အဆိုကို ဆွေးနွေးခဲ့သည်။ အဆိုပါ ကမန်အိမ်ထောင်စုများသည် ၂၀၁၂ လူမျိုးရေး အဓိကရုဏ်း ကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသော ရခိုင်ပြည်နယ်တောင်ပိုင်းမှ ဒေသခံများဖြစ်ပြီး ယခုအချိန်အထိ ဒုက္ခသည်စခန်းတွင် နေထိုင်နေရသူများဖြစ်သည်။ ကမန်များသည် ရိုဟင်ဂျာများကဲ့သို့ မ ဟုတ်ပဲ ဥပဒေအရ တင်းပြည့်နိုင်ငံသား ခံယူခွင့်ရှိကြောင်း အသိအမှတ်ပြုထားသော တိုင်း ရင်းသားလူမျိုးစု ဖြစ်သည်။

သို့တိုင်အောင် အဆိုပါ ပြည်သူ့လွှတ်တော်အတွင်း ဆွေးနွေးမှုတွင် တပ်မတော်သား အစု ကိုယ်စားလှယ်က "အကြမ်းဖက်သမားများက ပြည်တွင်း အိုးမဲ့အိမ်မဲ့များ (IDPs) အဖြစ် ဟန်ဆောင်နိုင်သည့်အချက်ကို စိုးရိမ်သည်" ဟု ပြောကြားခဲ့သည်။[14] မတ်လ ၅ ရက်က ပြန် လည်သုံးသပ်ရေးအဆိုပြုရာတွင် အတိုက်အခံ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်က အဆိုပါ ရွှေ့ပြောင်းပေးမှုကို ကင်ဆာဆဲလ်များ ပြန့်နှံမှုနှင့် နှိုင်းယှဉ်ပြောဆိုခဲ့သည်။[15] အစိုးရတာဝန်ရှိ သူက ကမန်များသည် တိုင်းရင်းသားများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ၎င်းတို့ဆန္ဒရှိသည့် နေ ရာတွင် နေထိုင်နိုင်ကြောင်းနှင့် ယခုရန်ကုန်သို့ ရွှေ့ပြောင်းပေးရသည့် အကြောင်းရင်းမှာ လည်း ရခိုင်ပြည်နယ်တောင်ပိုင်းရှိ ၎င်းတို့နေအိမ်များသို့ ပြန်ခြင်းကို ဒေသခံအုပ်ချုပ်သူများ က ပိတ်ဆို့နေခြင်းကြောင့်ဖြစ်သည်ဟု ပြန်လည်ထောက်ပြခဲ့ပြီးနောက်

[13] "မြန်မာစစ်တပ် ခေါင်းဆောင်၏ စကားများကို ကုလ အကြီးအကဲ ဝေဖန်" အေအက်ဖ်ပီ ၂၇ မတ် ၂၀၁၈။ မြန်မာ စစ်တပ်ဦးစီးချုပ်က ရိုဟင်ဂျာများကို ဘင်္ဂါလီဟု သုံးနှုန်းခဲ့ပြီး ၎င်းတို့သည် ဘင်္လားဒေ့ရှ်ဖက်မှ နိုင်ငံခြားသား များသာ ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

[14] "MPs to discuss motion on reviewing resettlement of 55 households from IDP camps", *GNLM*, 6 March 2018; "Pyithu Hluttaw debates relocation of IDPs to Yangon", *GNLM*, 15 March 2018.

[15] "လူမျိုးခွဲခြားသော လွှတ်တော်အမတ်က ကမန်တိုင်းရင်းသား မူဆလင်များကို ကင်ဆာဆဲလ်များဟု ပြောဆို" M-Mediagroup.com, ၆ မတ် ၂၀၁၈

၎င်းအဆို ရှုံးနိမ့်သွားခဲ့ သည်။ နိုင်ငံသားခံယူခွင့်အတွက် များစွာကြီးမားသော အုပ်ချုပ်ရေးနှင့် ဥပဒေပိုင်းဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်နေရသူ ရိုဟင်ဂျာဒုက္ခသည်များ၏ နေရပ်ပြန်ရေးကိစ္စ မှန်သမျှ သည် မြန်မာလူ့အဖွဲ့အစည်း၏ ကြီးမားသော ပမာဏ၊ ပြည်တွင်းမီဒီယာများနှင့် နိုင်ငံရေး နယ် ပယ် အပေါ်လွှာများထံမှ ၎င်းတို့အား ရန်လိုမုန်းတီးစိတ်ထားသည့် အကြောင်းရင်းခံကြောင့် ပိုမိုပြင်းထန်သော ဆန့်ကျင်မှုများကို ရင်ဆိုင်ရမည်ဖြစ်သည်။

III. ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများ၏ အခြေအနေ

နေရပ်ပြန်ရန် လက်တွေ့ကျသည့် အလားအလာတစ်ခုမှမရှိခြင်းသည် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာဒုက္ခသည်များ နောက်ထပ်ကာလတစ်ခု ရှိနေဦးမည့် သဘောပင်ဖြစ်သည်။ အဆိုပါ စခန်းများ၏ အခြေအနေသည် အလွန်ဆိုးဝါးပြီး၊ ရိုဟင်ဂျာဒုက္ခသည်များသည် တစ်နှစ်လျှင် ခန့်မှန်းခြေ ဒေါ်လာ ၁.၂ ဘီလီယံခန့် ကုန်ကျသော၊ လွန်စွာစရိတ်စကကြီးမားသော နိုင်ငံတကာလူသားချင်းစာနာမှုအစီအစဉ်တွင် ဆက်လက်ရှိနေရန် အလားအလာများနေသည်။

အဆိုပါစီမံချက်သည် ဒုက္ခသည် ၉၀၀,၀၀၀ ခန့်အား အရေးပေါ် စားနပ်ရိက္ခာ၊ အမိုးအကာ၊ ရေနှင့် သန့်ရှင်းမှုစနစ်၊ ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်း ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနေပြီး ဝက်သက်နှင့် ဆုံဆို့နာကဲ့သို့ ရောဂါကူးစက်မှုများကိုပါ ကိုင်တွယ်နေရ သည်။[16] တကယ့်အမှန်တရားမှာ ကမ္ဘာတွင် အကြီးမားဆုံးနှင့် လူနေအထူထပ်ဆုံး အဆိုပါ ဒုက္ခသည်စခန်းများသည် စနစ်တကျစီစဉ်ထားခြင်း မဟုတ်သည့်အပြင် လူများနေထိုင်ရန် မသင့်လျော်ခြင်းပင်ဖြစ်သည်။ စခန်းနယ်မြေအများစုမှာ သစ်တောများကို ချက်ခြင်း ခုတ်ထွင်ရှင်းလင်းထားခြင်းဖြစ်ပြီး မြေပြိုခြင်းနှင့် ဆိုက်ကလုံးမုန်တိုင်းဒဏ်ခံရရန် အလားအလာများနေသည်။ ယာယီအမိုးအကာများ၊ ရေဖြန့်ဖြူးသည့်နေရာများ၊ အိမ်သာတွင်းများသည် မကြာမီကျရောက်လာမည့် မုတ်သုန်မိုးကြောင့် ရေလွှမ်းမည့် အန္တရာယ်ရှိနေသည်။ ကြီးမားသော ကြိုတင်ပြင်ဆင်မှုများကို စတင်လုပ်ဆောင်နေသော်လည်း ပထဝီသွင်ပြင်၏ အခြေခံကျသော အတားအဆီးများကို ရင်ဆိုင်နေရသည်။[17]

စခန်းများရှိ ဒုက္ခသည်အများစုသည် အနာဂတ်ကို စဉ်းစားရန် အချိန်အနည်းငယ်သာ ရှိကြသည်။ ၎င်းတို့သည် နေ့စဉ်ရှင်သန်ရေးအတွက် အာရုံစိုက်နေကြရသည်။ အများစုမှာ ပြီးခဲ့သော မုတ်သုန်ရာသီ ကုန်ခါနီးတွင် ရောက်ရှိလာခဲ့သောကြောင့် နီးကပ်လာနေသည့် စိန် ခေါ်မှုများကို သိရှိနေကြပြီး၊ မုန်တိုင်းအချို့လည်း ဝင်ခဲ့ပြီးဖြစ်သောကြောင့် မိုးအတွက် ကြိုတင်ပြင်ဆင်နေကြရသည်။ အများစုက နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုသည် ၎င်းတို့နေရပ်ပြန်ရေး အလားအလာများ တိုးတက်မှုကို တွန်းအားပေး၍ ဖြစ်ပေါ်စေလိမ့်မည်ဟု ယူဆနေကြသည်။ ၁၉၇၈ နှင့် ၁၉၉၁-၁၉၉၂ အမြောက်အများ ထွက်ပြေးမှုများအပြီး ဖြစ်ခဲ့ဘူးပြီး

---

[16] အရေအတွက် ၉၀၀,၀၀၀ တွင် ၂၀၁၇ ဩဂုတ်နောက်ပိုင်း ရောက်ရှိလာသူ ၇၀၀,၀၀၀ နီးပါးခန့်၊ ၂၀၁၇ အစောပိုင်းတွင် ရောက်ရှိလာသူ ထောင်ပေါင်းများစွာနှင့် မကြာသေးမီ နှစ်များအတွင်း ရောက်ရှိခဲ့သူများ ပါဝင်သည်။

[17] "UN launches 2018 appeal for Rohingya refugees and Bangladeshi host communities", joint UNHCR/International Organisation for Migration press release, 16 March 2018.

အထက်တွင် ဖော်ပြခဲ့သလို ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြား သံတမန်ကစားကွက်ကြောင့် ပိုဆိုးလာကာ အတင်းအကြပ် ပြန်ပို့မှုမျိုး ဖြစ်လာနိုင်ခြေကို အဓိကစိုးရိမ်နေကြသည်။[18]

A. ဒုက္ခသည်စခန်းများမှ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု

၂၀၁၇ အမြောက်အများ ထွက်ပြေးမှုတွင် ကစဉ့်ကလျားအခြေအနေများက ရှိခဲ့ပြီးဖြစ်သည့် ပြင် ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိချိန်တွင် ခက်ခဲသော အခြေအနေများကြောင့် ဒုက္ခသည်များ အကြား ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများသည် အရေးပေါ် လုပ်ဆောင်ရ သည့်ပုံစံသာရှိသည်။ ရွာသူရွာသားများသည် စခန်းများသို့ ကျေးရွာအလိုက် အတူတကွ ရောက်ရှိလာကြခြင်း မဟုတ်သောကြောင့် အတူတကွ နေထိုင်နိုင်ခြင်း မရှိကြပဲ နေရာသစ်၏ ပထဝီသွင်ပြင်ကို အခြေခံသော ခေါင်းဆောင်မှုများ ထွက်ပေါ်လာစေခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် မဂျီး (majhi) (ထုံးတမ်းစဉ်လာ ခေါင်း ဆောင်) ဟု ခေါ်သော အလွတ်သဘော ခေါင်းဆောင်မှုစနစ်သည် ကာလကြာမြင့်စွာကပင် ရှိ ခဲ့သည်။ ထိုစနစ်သည် ၁၉၉၁-၁၉၉၂ ခုနှစ်က နောက်ဆုံးအကြိမ် ဒုက္ခသည်အမြောက်အများ ထွက်ပြေးခဲ့သည့်အချိန်တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး မဂျီးများ၏ အဂတိလိုက်စားမှုများ၊ အာဏာအ လွဲသုံးစားပြုမှုများကြောင့် ပျက်စီးခဲ့ရသည်။ ၂၀၀၇ တွင် မဂျီးများ၏နေရာကို ရွေးချယ်တင် မြှောက်သော စခန်းကော်မတီများဖြင့် အစားထိုးခဲ့ပြီး ဆုံးဖြတ်ချက် ချမှတ်သည့်ကဏ္ဍ ထက် စာလျှင် လုပ်ငန်းချောမွေ့ရေးကို ဆောင်ရွက်ကြရသည်။[19]

ယခုနောက်ဆုံး ထွက်ပြေးလာကြခြင်းတွင် အကူအညီပေးရေးအစီအစဉ်များ မစတင်မီ အ စောပိုင်းအဆင့်များ၌ အကူအညီပစ္စည်းဖြန့်ဖြူးမှုများမှာ စနစ်တကျမရှိသေးပဲ၊ လမ်းမကြီးများ အနီးတွင် နေထိုင်သော ဒုက္ခသည်များမှာ စေတနာရှင်များထံမှ ပစ္စည်းများရရှိကြပြီး သွားလာ ရခက်ခဲသောနေရာများတွင် နေထိုင်သူများမှာ အနည်းငယ်သာရရှိကြသည်။ စက်တင်ဘာလ လယ်တွင် ဘင်္ဂလားဒေ့ရှ်စစ်တပ်က ပြဿနာစီမံခန့်ခွဲမှုကို တာဝန်ယူလိုက်သည့်အခါတွင် ဒုက္ခသည် အိမ်ထောင်စု ၅၀ မှ ၂၀၀ အကြား အစုတစ်စုလျှင် ခေါင်းဆောင် မဂျီးတစ်ဦး ရွေး ချယ်ရန် ညွှန်ကြားခဲ့သည်။ ရွေးချယ်ခံရသူများ လုပ်ဆောင်ရသော အရာများထဲတွင် စစ်တပ် က စားနပ်ရိက္ခာဝေရာတွင် အခြေခံအဖြစ် အသုံးပြုရန် အိမ်ထောင်စုစာရင်းများ ရေးဆွဲပေးရ သော အလုပ်ပါဝင်သည်။[20]

---

[18] Crisis Group က ရိုဟင်ဂျာဒုက္ခသည်များနှင့် တွေ့ ဆုံမေးမြန်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇ - မတ် ၂၀၁၈။ ၁၉၇၈ နှင့် ၁၉၉၂ ထွက်ပြေးမှုများအပြီး နေရပ်ပြန်ရေး ဆွေးနွေးမှုများအတွက် Crisis Group Report, *The Politics of Rakhine State*, op. cit., section II.C; "The Rohingya Muslims: Ending a cycle of exodus?", Human Rights Watch, September 1996 ၾကည့္ပါ။

[19] "Rohingya crisis: Situation analysis", ACAPS, November 2017.

[20] Crisis Group က ဒုက္ခသည်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများမှ ကိုယ်စားလှယ် များနှင့် တွေ့ ဆုံမေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။

အဆိုပါ မဂျီးများသည် ယခုအခါ ဒုက္ခသည်စခန်းများတွင် အုပ်ချုပ်ရေးအဖွဲ့အစည်း၏ အနိမ့်ဆုံးအဆင့်ဖြစ်ပြီး အငြင်းပွားမှုဖြေရှင်းရေးတွင် အခြေခံစနစ်တစ်ခုဖြစ်၍ (တခါတရံ ၎င်းတို့ စီစဉ်သော သက်ကြီးပိုင်းများပါဝင်သော ကော်မတီများက ပံ့ပိုးမှုများပေးသည်) ဒုက္ခသည်များ နှင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၊ အကူအညီပေးရေး အေဂျင်စီများအကြားတွင် ဆက်သွယ် ဆောင်ရွက်ပေးသည့် ဆုံမှတ်သဖွယ် ဖြစ်နေသည်။ ၎င်းတို့၏ အထက်တွင် အဆင့်နှစ်ခုရှိရာ မဂျီးခေါင်းဆောင်များ (head majahis) (စခန်းအတွင်းရှိ ကြီးမားသောအစုများကို ကိုယ်စား ပြုသည်) နှင့် ဉက္ကဋ္ဌများ (စခန်းတစ်ခုလုံးဖြစ်စေ၊ ပိုကြီးသော စခန်းကြီးများတွင် နယ်မြေ အ ပိုင်းများကိုဖြစ်စေ ကိုယ်စားပြုသည်) တို့ဖြစ်သည်။ အာဏာပိုင်များအနေနှင့် ရာဂဏန်း အ ရေအတွက်ရှိသော မဂျီးများနှင့် ဆက်သွယ်ရန် များသောအားဖြင့် မဖြစ်နိုင်သောကြောင့် ကြားခံဆက်သွယ် ဆောင်ရွက်မှုများစွာသည် မဂျီးခေါင်းဆောင် သို့မဟုတ် ဉက္ကဋ္ဌ အဆင့်နှင့် ပြုလုပ်ရသည်။[21] အဆိုပါ ခေါင်းဆောင်အားလုံးမှာ အမျိုးသားများ ဖြစ်သည်။ Crisis Group က မေးမြန်းပြောဆိုခဲ့သော ဒုက္ခသည်များက မဂျီးများအပေါ် ဆိုးဆိုးဝါးဝါး မကျေနပ်မှုများ မ ရှိဟု ပြောကြားသော်လည်း အတိတ်က ထိုစနစ်ကို ဖျက်ဆီးခဲ့သည့် အဂတိလိုက်စားမှုများ ကဲ့သို့သော အာဏာအလွဲသုံးစားပြုမှုများ ဖြစ်လာရန် အလားအလာရှိသော အချက်ကို တွေ့ နေရသည်။[22]

မဂျီးများတွင် ဒုက္ခသည်များအပေါ် ကြီးမားသည့် နိစ္စဓူဝ ဩဇာလွှမ်းမိုးမှု ရှိနေသည့် နည်းတူ ဒေသခံ ဘင်္ဂလားဒေ့ရှ်အာဏာလက်ကိုင်ရှိသူများ (လက်ရှိနှင့် ယခင် ဒေသခံ အစိုးရ တာဝန်ရှိသူများ အပါအဝင်) သည်လည်း သိသာထင်ရှားသော ဩဇာလွှမ်းမှု ရှိနေကြသည်။ အဆိုပါ ပုဂ္ဂိုလ်အချို့သည် ဒုက္ခသည်များ ထွက်ပြေးလာသည့် အစောပိုင်းရက်များတွင် ရောက်ရှိလာသူ ဒုက္ခသည်များအား အစိုးရမြေ သို့မဟုတ် သစ်တောမြေပေါ်၌ တဲထိုးခွင့်အတွက် ပိုက်ဆံတောင်းယူရာတွင် ပတ်သက်ခဲ့ကြသည် ဟူသော စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ပြီး ၎င်းတို့ ကမူ စွပ်စွဲချက်များသည် နိုင်ငံရေးအရ အပုတ်ချခြင်းသာဖြစ်သည်ဟု ငြင်းဆန်ခဲ့ကြသည်။ အ ဆိုပါ ကြားသိရသော လိမ်လည်တောင်းယူမှုများကို ဘင်္ဂလားဒေ့ရှ်စစ်တပ်က ဝင်ရောက်ကိုင်တွယ်ချိန်တွင် ရပ်ဆိုင်းပစ်ခဲ့သည်။ မည်သို့ဆိုစေကာမူ အဆိုပါ ဒေသခံ အာဏာပိုင်များသည်

[21] အရေအတွက် ကိန်းဂဏန်းကို မှန်းဆနိုင်ရန်အတွက်- ဒုက္ခသည် ငါးသိန်းကျော်ကို လက်ခံထားသော ဘလူကာလီစခန်းတွင် ရပ်ကွက် ၈၀၀ ကျော်ရှိပြီး မဂျီးတစ်ဦးစီက ကိုယ်စားပြုအုပ်ချုပ်သည်။
[22] Crisis Group က ဒုက္ခသည်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများမှ ကိုယ်စားလှယ်များနှင့် တွေ့ ဆုံမေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။ မဂျီးများ၏ အဂတိလိုက်စားမှု အန္တရာယ်ကြောင့် အချို့ကယ်ဆယ်ရေး အေဂျင်စီများက မဂျီးများမှတဆင့် ဖြတ်သန်းစရာ မလိုသော စင်ပြိုင်ပရောဂျက်ပုံစံများကို ထူထောင်ထားကြသည်။

ဒုက္ခသည်များနှင့် ဆက်စပ်နေသည့် နိုင်ငံရေးဘောဂဗေဒ၏ လက္ခဏာအချို့ကို ဆက်လက် ထိန်းချုပ်နေဦးမည့် သဘောရှိသည်။[23]

ဘင်္ဂလားဒေ့ရှ်စစ်တပ်နှင့် ထောက်လှမ်းရေးဌာနသည် ဒုက္ခသည်စခန်းများနှင့် ပတ် ဝန်းကျင်တွင် နယ်နမိတ်ထိန်းချုပ်မှုများ၊ စစ်ဆေးရေးဂိတ်များနှင့် သတင်းပေးများမှတဆင့် ၎င်းတို့ အခွင့်အာဏာကို ပြတ်ပြတ်သားသားကျင့်သုံးသည်။ သို့သော်လည်း မဂိုးများက များသောအားဖြင့် ကိုင်တွယ်နိုင်သည့် အသေးစားရာဇဝတ်မှုများထက် အကြီးစားလုံခြုံရေး အန္တရာယ်များကို အာရုံစိုက်သည်။ မဂိုးများသည် ဘင်္ဂလားဒေ့ရှ်စစ်တပ်နှင့် ဒေသန္တရတာရား သူကြီးများ၏ တောင်းဆိုမှုအရ စေတနာ့ဝန်ထမ်း ညစောင့် သို့မဟုတ် ကင်းစောင့်စနစ်ကို လည်း စီမံဆောင်ရွက်ကြရသည်။ ညကင်းသမားများသည် လက်နှိပ်ဓာတ်မီး၊ ဂျာကင်နှင့် နံပါတ်တုတ် စသည်တို့ကို ရရှိကြပြီး ညကင်းသမားတစ်ဦးသည် အကွက်တစ်ခုကို တာဝန် ယူရကာ နံနက်တိုင်း မဂိုးမှတဆင့် စစ်တပ်သို့ အစီရင်ခံရသည်။[24]

ARSA သည် ဒုက္ခသည်စခန်းများတွင် သိသာထင်ရှားစွာ တည်ရှိနေသည်။ စစ်သွေး ကြွအုပ်စုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာကျေးရွာများတွင် ခိုင်မာစွာ ထူထောင် ထားခြင်းဖြစ်သောကြောင့် စခန်းများတွင် ARSA အဖွဲ့ဝင်များနှင့် ထောက်ခံသူများ ရှိနေခြင်း သည် အံ့အားသင့်စရာတော့ မဟုတ်ပေ။ ARSA အဖွဲ့ဝင်များကို အဆိုပါကျေးရွာများမှ စု ဆောင်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် ထိုကျေးရွာများမှာပင် နေထိုင်ကြကာ အခြားရွာသူရွာသား များနှင့်အတူ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးလာခဲ့ကြသည်။ အကြီးတန်းခေါင်းဆောင်များနှင့် ထင်ရှားသော အမာခံများမှာမူ စခန်းများထဲသို့ မဝင်ပဲ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ ဇီဝ ဆန်းစစ်မှုနည်းဖြင့် မှတ်ပုံတင်ခြင်းကို ရှောင်ရှားကြသည်။ ထိုသူများသည် လုံခြုံရေးအရ သ တိထားရန်နှင့် ပိုမိုလွတ်လပ်စွာ သွားလာနိုင်ရန်အတွက် ဒုက္ခသည်စခန်းများ၏ ပြင်ပတွင် နေထိုင်ကြသည်။[25]

ရေရာမှုနည်းသော ကိစ္စရပ်မှာ ARSA အနေဖြင့် ဒုက္ခသည်စခန်းများတွင် ပြန်လည်စုဖွဲ့ ရန်၊ လူများကို စည်းရုံးရန်နှင့် အခွင့်အာဏာထူထောင်ရန် လုပ်ဆောင်နိုင်မည့် အတိုင်းအတာ ဖြစ်သည်။ ARSA သည် ရခိုင်ပြည်နယ်တွင်မူ ရိုဟင်ဂျာလူထု၏ ဒေါသနှင့် နေ့စဉ်ဖိနှိပ်ခံနေရ သော

[23] Crisis Group က ဒုက္ခသည်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများမှ ကိုယ်စားလှယ် များနှင့် တွေ့ ဆုံမေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။ See also "Extortion adds to Rohingyas' woes", *New Age Bangladesh*, 26 September 2017.

[24] ၎င်း

[25] Crisis Group က ဒုက္ခသည်များ၊ ARSA အဖွဲ့ ဝင်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများမှ ကိုယ်စားလှယ်များနှင့် တွေ့ ဆုံမေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။ ဒုက္ခ သည်များသည် စခန်းအတွင်း၊ စခန်းတစ်ခုနှင့် တစ်ခု လွတ်လပ်စွာ သွားနိုင်သော်လည်း ဆေးကုသရန်မှလွဲ၍ ကော့ဘဇားနှင့် စစ်တကောင်းသို့ သွားရောက်မှုကို ကန့်သတ်ထားသည်။ ယခုအထိမူ ၎င်းတို့သည် Teknaf မြို့ သို့ လွယ်သူစွာ သွားနိုင်သော်လည်း မတ်လဆန်းမှစတင်ကာ စစ်တပ်စစ်ဆေးရေး ဂိတ်မှ ဘာကြောင့်သွားလိုသနည်း ဆိုသည်ကို စတင်မေးမြန်းနေပြီဖြစ်သည်။

ဒုက္ခများအပေါ် အခွင့်ကောင်းယူ၍ စည်းရုံးနိုင်ခဲ့ပြီး ထင်ရှားသော ရပ်ရွာခေါင်းဆောင် များနှင့် ဘာသာရေးခေါင်းဆောင်များမှတဆင့် ခိုင်မာသော ကွန်ရက်ကို တည်ဆောက်ခြင်း ဖြင့် ထိုသို့လုပ်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် မျှော်လင့်ချက်ချုပြခြင်း သို့မဟုတ် အဖွဲ့ အစည်း သဘောဖြင့် လုပ်ဆောင်ခြင်းနှင့် ဘာသာရေးအရ ထောက်ခံမှု၊ ကြောက်ရွံ့ မှုတို့ဖြင့် ပေါင်းစပ် ကာ ၎င်း၏ ရပ်တည်မှုအားကောင်းအောင် လုပ်ဆောင်ခဲ့သည်။[26] ဘင်္ဂလားဒေ့ရှ် ဒုက္ခသည် စခန်းများတွင် စည်းရုံးရန်မှာမူ လုံးဝကွဲပြားခြားနားသော ကိစ္စတစ်ခုဖြစ်သည်။ ကျေးရွာလူထု သည် ဒုက္ခသည်စခန်းများတွင် ပြန့်ကျဲနေပြီး ခေါင်းဆောင်သစ် (မဂျီး) များ ထွက်ပေါ်လာ သည့်အပြင် ၎င်းတို့၏ ဘုံရန်သူဖြစ်သော မြန်မာလုံခြုံရေးတပ်ဖွဲ့များမှာလည်း နယ်စပ်မျဉ်း၏ အခြားတစ်ဖက် အဝေးကြီးတွင် ရှိနေကြသည်။ ထို့အပြင် ဒုက္ခသည်အများစုသည် စခန်းများ တွင် အခြေခံစားဝတ်နေရေးအတွက် ခက်ခဲစွာ ရုန်းကန်နေကြရသည့်အပြင် ARSA ၏ နောက်ဆုံးတိုက်ခိုက်မှုများက အစပျိုးပေးလိုက်သော ဘေးဒုက္ခဆိုးကြီးကို တွေ့ကြုံနေကြရ သောကြောင့် စစ်သွေးကြွအုပ်စု တည်ရှိနေရခြင်း၏ အဓိကအကြောင်းရင်းသည် သံသယဖြစ် စရာ မလိုလောက်အောင် အားနည်းသွားပြီဖြစ်သည်။

၂၀၁၈ ဇန်နဝါရီလ ၅ ရက်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်ယာဉ်တန်းကို ARSA က တိုက်ခိုက်ခဲ့ခြင်းသည် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်ရန် ဆုံးဖြတ်ထားခြင်းကို ပြသနေသည်။[27] ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ချက်ခြင်းကြေညာ ချက်ထုတ်ပြန်ခြင်းနှင့် နေရပ်ပြန်ပို့ရေး အဆိုပြုချက်များကို ပယ်ချကြောင်း ထိုလထဲမှာပင် မရှေးမနှောင်း ဆက်လက်ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းတို့သည် ရိုဟင်ဂျာတို့၏ နိုင်ငံရေး ပြောရေးဆိုခွင့်ရှိသော အုပ်စုအဖြစ် နေရာယူရန် သိသာထင်ရှားစွာ ကြိုးစားခဲ့ခြင်းဖြစ်သည်။[28]

များစွာအကန့်အသတ် ရှိနေသော်လည်း ARSA က ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်း များတွင် စုဖွဲ့ နေကြောင်း အထောက်အထားများ ရှိနေသည်။ ပထမအချက်မှာ စခန်းများတွင် ဖြစ်ပွားနေသော အကြမ်းဖက်လုပ်ရပ်အချို့သည် ARSA နှင့် အကျိုးသင့်အကြောင်းသင့် ဆက်နွယ်နေနိုင်ခြင်းဖြစ်သည်။ မဂျီးများနှင့် အခြားခေါင်းဆောင်များကို သတ်ဖြတ်မှုအနည်းငယ် ရှိရာ မီဒီယာများတွင် အသတ်ခံရသူများမှာ ရာဇဝတ်မှုကျူးလွန်ထားသူများဟု မှတ်ယူခြင်း ကြောင့် သို့မဟုတ် နေရပ်ပြန်ရေး အလားအလာအတွက် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များနှင့် အတူ လုပ်ဆောင်နေသော သူများဖြစ်ခြင်းကြောင့်ဟု ဖော်ပြသည်။ သို့ရာတွင် အဆိုပါ လူ

[26] See Crisis Group Report, *A New Muslim Insurgency in Rakhine State*, op. cit.

[27] "Five security personnel injured in ambush attack in Northern Rakhine", *GNLM*, 6 January 2018.

[28] ARSA သတင်းထုတ်ပြန်ချက် "မြန်မာစစ်တပ်ကို ခြုံခိုတိုက်ခိုက်ခြင်း" ၇ ဇန်နဝါရီ ၂၀၁၈ နှင့် "ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာဒုက္ခသည်များအား နေရပ်ပြန်ခိုင်းမည့် မြန်မာအစိုးရ၏ ကျိုးကြောင်းမဆီလျော်သော အစီအစဉ်" ၂၀ ဇန်နဝါရီ ၂၀၁၈။ ၎င်းအုပ်စု၏ twitter account အမည် @ARSA_Official တွင် ရယူဖတ်ရှုနိုင်သည်။

သတ်မှုများအနက်မှ အနည်းအကျဉ်းမှာ အသတ်ခံရသူသည် ထွက်ပြေးမလာမီကတည်း ကပင် ARSA ၏ ပစ်မှတ်စာရင်းထဲတွင် ပါဝင်နေခြင်းကြောင့် ဖြစ်ပုံရသည်။[29]

ဒုတိယအချက်မှာ ARSA ခေါင်းဆောင်များကိုယ်တိုင်က ၎င်းတို့သည် မဂျီးများအပေါ် သြဇာညောင်းသည်ဟု ဆိုထားကြသည်။ အမှန်တကယ်တွင်လည်း အကယ်၍ အချို့ သော မဂျီးများသည် စစ်သွေးကြွအုပ်စုနှင့် ပို၍တိုက်ရိုက်ချိတ်ဆက်မှုမရှိဟုဆိုပါက အံ့သြစရာ ကောင်းနေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်နယ်တွင် ARSA အပေါ် ပြီး ခဲ့သည့်ဖြစ်စဉ်၌ ပါဝင်မှုနှင့် ပံ့ပိုးပေးမှုအတိုင်းအတာရှိခဲ့ရာ ARSA အနေဖြင့်ကလည်း အကြမ်း ဖက်မှုဖြင့် ၎င်းလုပ်ဆောင်လိုသည်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည့် အချက်က ရှိနေ ခြင်းကြောင့်ဖြစ်သည်။ ဆွဲဆောင်စည်းရုံးမှုနှင့် ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်မှု တို့ကို ပေါင်းစပ်အသုံးပြုမှုသည် မြန်မာနိုင်ငံတွင် ARSA က ယခင်အသုံးပြုခဲ့သည့် ဗျူဟာနှင့် အတိအကျတထပ်တည်းပင်ဖြစ်သည်။ ARSA အတွက် ၎င်း၏ သြဇာကို အသုံးပြုနိုင်သည့် နောက်ထပ်အခွင့်အလမ်းမှာ ၎င်း၏ အဖွဲ့ ဝင်များ သို့မဟုတ် ထောက်ခံသူများက ညစောင့် လုပ်ရန် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းမှတဆင့် အသုံးပြုနိုင်သည်။ နောက်ဆုံးတစ်ခုမှာ ဘာသာရေးခေါင်းဆောင်များမှာ စခန်းတွင် ဆက်လက်၍ အရေးပါနေဆဲဖြစ်သည်။ ဘာသာ ရေးခေါင်းဆောင်များအနက်အချို့ မှာ ရခိုင်ပြည်နယ်တွင် ARSA ၏ အဓိကကျသော လူထု စည်းရုံးရေးမှူးများနှင့် ခေါင်းဆောင်များဖြစ်နေခြင်းဖြစ်သည်။[30]

သို့သော်လည်း အကယ်၍ သူပုန်ထရန်မှာ ARSA ၏ အဓိက အာရုံပြုမှုဖြစ်နေသေးသည် ဟု ဆိုလျှင်တောင် ဒုက္ခသည်စခန်းများ၌ ARSA ရှိနေခြင်းကို ရခိုင်ပြည်နယ်၌ သူပုန်ထမှု ဆက်လက်ရှိနေနိုင်သည်ဟု အဓိပ္ပါယ်ကောက်၍မရနိုင်ပေ။ သူပုန်ထရန်မှာ ARSA ၏ အဓိက အာရုံပြုမှုဖြစ်နေသေးသလားဆိုသည်ကပင် မသေချာတော့ပေ။ ဘင်္ဂလားဒေ့ရှ်စစ်တပ်နှင့် ထောက်လှမ်းရေးအဖွဲ့ ဝင်များသည် စခန်းအတွင်းနှင့် ပတ်လည်တွင် အားကောင်းစွာ ရှိနေ သည့်ပြင် ထိုဒေသ၏ ပထဝီအနေအထား၊ စခန်းတွင်း လူဦးရေထူထပ်ခြင်းတို့ကြောင့် ARSA အနေဖြင့် ဘင်္ဂလားဒေ့ရှ်တွင် အာဏာပိုင်များမသိပဲ ပြန်လည်စုဖွဲ့ ရန်မှာ အတော်ခက်ခဲ ကြောင်းတွေ့ ရမည်ဟု အဓိပ္ပါယ်ကောက်ရလိမ့်မည်ဖြစ်သည်။ ယခုအခါ ရိုဟင်ဂျာလူဦးရေ၏ အများစုသည် ဘင်္ဂလားဒေ့ရှ်သို့ရောက်ရှိနေပြီး နေရပ်ပြန်ရန် အလားအလာအနည်းငယ် သာရှိနေရာ ဘင်္ဂလားဒေ့ရှ်တွင် ပိုမိုကောင်းမွန်သော အခြေအနေ၊ အခွင့်အလမ်းမျိုးဖြင့် နေ ထိုင်နိုင်ရေးကို

[29] Crisis Group က ဒုက္ခသည်များ၊ ARSA အဖွဲ့ ဝင်များနှင့် အခြားအခြေအနေအကြောင်းသိရှိသူများကို တွေ့ဆုံ မေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် နိုဝင်ဘာ ၂၀၁၇- မတ် ၂၀၁၈။ See also "Rohingya leader shot dead in Cox's Bazar", *Dhaka Tribune*, 20 January 2018; "Second camp 'leader' killed in Bangladesh refugee camp", AFP, 23 January 2018; "Bangladesh tightens security in Rohingya camps", *The Irrawaddy*, 2 February 2018.

[30] Crisis Group က ဒုက္ခသည်များ၊ ARSA အဖွဲ့ ဝင်များနှင့် အခြားအခြေအနေအကြောင်းသိရှိသူများကို တွေ့ဆုံ မေးမြန်းခြင်း၊ ဘင်္ဂလားဒေ့ရှ် အောက်တိုဘာ ၂၀၁၇- မတ် ၂၀၁၈။

အရေးဆိုရန် ကဲ့သို့သော အခြားရည်ရွယ်ချက်များက နယ်စပ်ကို ကျော်ဖြတ်၍ သူပုန်ထရန် စည်းရုံးသည့်ကိစ္စထက် ပိုမိုအရေးကြီးသော ကိစ္စရပ်များအဖြစ် ဒုက္ခသည်များက ယူဆလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်မှ နိုင်ငံရေးအခြေအနေမည်သို့ ဖြစ်ပေါ် တိုးတက်သည် ဆိုသည့်အပေါ် များစွာ မူတည်သည်။

B. ARSA အပေါ် ဒုက္ခသည်များ၏ အမြင်များနှင့် အကြမ်းဖက်မှုကို အသုံးပြုရခြင်း

ARSA တိုက်ခိုက်မှု မီးပွားကြောင့် တောက်လောင်ခဲ့ပြီး ရိုဟင်ဂျာများအပေါ် ကျရောက်ရသော ဝမ်းနည်းဖွယ်အဖြစ်ဆိုးသည် ARSA နှင့်ပတ်သက်သော သဘောထားအမြင်အပေါ် မတူသော နည်းလမ်းများဖြင့် လွှမ်းမိုးမှုရှိသည် ဆိုသည်ကို Crisis Group ၏ ဒုက္ခသည်များနှင့် အသေးစိတ်ဆွေးနွေးမှုများက ညွှန်ပြနေသည်။ အချို့ ဒုက္ခသည်များက လက်ခံရှုမြင်ထားကြသည်မှာ ARSA က တိုက်ခိုက်မှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြန်မာအာဏာပိုင်များသည် ၎င်းတို့ကို မောင်းထုတ်ရန် နည်းလမ်းရှာလိမ့်မည်ပင်ဖြစ်သည်ဟု ဆိုကြသည်။ အချို့ ကမူ တိုက်ခိုက်မှုများ၏ ရလဒ်အဖြစ် ဘာမှ အကျိုးအမြတ်မရသော်လည်း ရိုဟင်ဂျာများသည် အရာရာ ဆုံးရှုံးခဲ့ရပြီဟု ယုံကြည်ကြသည်။ အများစုကလည်း ၎င်းတို့ အတိဒုက္ခရောက်ရခြင်းမှ အ ကောင်းတစ်ခုခုရရှိလာလိမ့်မည်ဟု မျှော်လင့်ကြကြောင်း ထုတ်ဖော်ပြောကြားကြရာ ဘယ် သောအခါကမျှ ရိုဟင်ဂျာများအပေါ် ကမ္ဘာက အာရုံစိုက်မှု မရှိခဲ့ခြင်းကြောင့်ဟု ဆိုကြသည်။ "နောက်ဆုံးတော့ ကမ္ဘာက ကျွန်တော်တို့ ဘယ်လောက်ခံစားကြရတယ်ဆိုတာ သိသွားကြပြီ လေ" ဆိုသည်မှာ အများစု ထုတ်ပြောကြသော သဘောထားဖြစ်သည်။[31]

ARSA ၏ တိုက်ခိုက်မှုကို ထောက်ခံသူ သို့မဟုတ် ပါဝင်ကြသူအတော်များများက အကြမ်းဖက်မှုကို နောက်ဆုံးရွေးရသော လမ်းစဉ်အဖြစ် ရှုမြင်ကြသည်။ ARSA ၏ အကြောင်းပြချက်များသည် ရခိုင်ပြည်နယ်နှင့် အဝေးတွင်ရောက်နေသော ရိုဟင်ဂျာဘာသာရေးခေါင်းဆောင်များထံမှ ဘာသာရေးနှင့်ဆိုင်သော တရားစီရင်ရေးအမြင် သို့မဟုတ် ဘာသာရေးနှင့်ဆိုင် သော လိုက်နာအပ်သည့် အမိန့် (fatwas) များ၏ လွှမ်းမိုးမှုရှိသည်။ ဘာသာရေးခေါင်း ဆောင်များက လက်နက်ကိုင်တွန်းလှန်ကြောင်းကြေညာခြင်းကို ဘောင်ဝင်သည်ဟု ရှုမြင်လာ စေရန် သို့မဟုတ် လုပ်ဆောင်ရမည့် ဝတ္တရားတစ်ရပ်အဖြစ် မြင်လာစေရန် ဘာသာရေး နှင့်ဆိုင်သော တရားစီရင်ရေးအမြင် သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော လိုက်နာအပ်သည့် အမိန့် (fatwas) များကို ပြောကြားခဲ့ကြသည်။ အခြားတဖက်တွင်လည်း ဦးစီးဦးဆောင်ပြု နေသော ဘာသာရေးခေါင်းဆောင်များ အပါအဝင် ရိုဟင်ဂျာများကြားတွင် အကြမ်းဖက်မှုကို

[31] Crisis Group က ဒုက္ခသည်များကို တွေ့ ဆုံ မေးမြန်းခြင်း၊ အောက်တိုဘာ ၂၀၁၇ - မတ် ၂၀၁၈။

သဘောမတူကြောင်း ကာလကြာရှည်ကပင် *အကြံ*ပေးမှုများရှိပြီး ယခုအထိလည်း ထိုသို့ ဆက်လက်အကြံပေးဆဲပင်ဖြစ်သည်။[32]

ဤမေးခွန်းမှာ ၂၀၁၈ ခုနှစ် မတ်လက ဘင်္ဂလားဒေ့ရှ်တွင် အသေးစိတ်ဖော်ပြခဲ့သော မီဒီယာသတင်းတစ်ရပ်၏ အဓိကအကြောင်းအရာဖြစ်ခဲ့သည်။[33] အဆိုပါဆောင်းပါးသည် ဘာသာရေးဥပဒေများကို အဓိပ္ပါယ်ဖွင့်ဆိုသော ရိုဟင်ဂျာ အစ္စလာမ်မစ်ပညာရှင် (muftis) ၄၇ ဦးက ထုတ်ပြန်သော ဖတ်(တ)ဝါ (fatwas) အကြောင်းကို ရေးသားထားရာ မြန်မာနိုင်ငံအ ပေါ်ဖြစ်စေ၊ မိမိကိုယ်ကို ကာကွယ်ရေးအတွက်ပင်ဖြစ်ပါစေ ဂျီဟတ်လုပ်ဆောင်မှုမှန်သမျှကို ရှုတ်ချကြောင်းရေးသားထားသည်။[34] ဆောင်းပါးတွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့တွင်ရှိသော ဒီယိုဘန်ဒီ အစ္စလာမ်ဘာသာရေးကောလိပ်များ (Deobandi madrassas) သည် ဖတ်(တ)ဝါ (fatwas) ကို ထောက်ခံအားပေးကြောင်းဖော်ပြထားသည် (ဒီယိုဘန်ဒီ အစ္စလာမ်

---

[32] See Crisis Group Reports, *The Politics of Rakhine State* and *A New Muslim Insurgency in Rakhine State*, op. cit.

[33] "Rohingya muftis prohibit jihad and self-defense", *Dhaka Tribune*, March 2018.

[34] အာရပ်၏ မူရင်းစာလုံး "ဂျီဟတ်" ဆိုသည်မှာ ဘုရားသခင်၏ ပေးသနားတော်မူခြင်းများ ကိုရှာဖွေသည်ဟု ဆိုလိုသည်။ မူဆလင်အများစုက ထိုစာလုံးကို နိုင်ငံရေးအရ အကြမ်းဖက်သော အခြေအနေမျိုးတွင် မရှင်းမလင်းနှင့် တိုက်ခိုက်မှုများပြုလုပ်သည့်အခါ ရှုတ်ထွေးနေသော ဘာသာရေးသဘောတရားများကို လျော့ချရန်အသုံးပြုလာကြသည်ကို တွေ့ရသည်။ စနစ်တကျစီမံထားသော အကြမ်းဖက်အခြေအနေတွင်ပင်အသုံးပြုရာ ၎င်းသည် သူပုန်ထမှုနှင့် ပျောက်ကျားစစ်ကိုသာမက အကြမ်းဖက်ဝါဒအတွက်ပါ ညွှန်းဆိုနိုင်သည်။ မူဆလင်အများစုကြီးအတွက် ယနေ့ဂျီဟတ်လှုပ်ရှားနေသူများ ဆိုသည့်စကားလုံးသည် အစ္စလာမ်၏ သက်ဝင်ယုံကြည်မှုမှ သွေဖည်လာသည်။ သို့သော်ထိုစကားလုံးမှ လွတ်မြောက်ရန်မလွယ်ပေ။ အယ်လ်ကိုင်ဒါနှင့် IS တို့က ၎င်းတို့ကို၎င်းတို့ ဂျီဟတ်လှုပ်ရှားသူများအဖြစ်သတ်မှတ်လာကြသည်။ ဂျီဟတ်မှာ အစ္စလာမ်ကျောင်းများအားလုံးတွင်အရင်ကတည်းက ထည့်သွင်းထားပြီးဖြစ်သည့် အချိန်တွင် "ဂျီဟတ်လှုပ်ရှားသူ" ဆိုသည့်နုနယ်သေးသော အတွေးအခေါ် တစ်ခုပေါ် ထွက်လာရာ သင်ကြားခြင်း၏ ထင်ဟပ်ချက်ထက်ပိုပါသည်။ အတွေးအခေါ် ၏ လွှမ်းမိုးခြင်းခံရသူများသည် အခြားရိုးရာမှ ၎င်းရမ်းသယ်ယူလာခြင်းများရှိကာ အချိန်ကြာလာသည်နှင့်အမျှ တိုက်ခိုက်မှုနှင့်ဆိုင်သော ဗျူဟာများတွင် အကန့်အသတ်ရှိလာခြင်းကြောင့် Salifi ၏ လေ့နံ့ဒါးထစ်ယုံကြည်မှုကို မကျေနပ်ကြောင်းပြလာပါသည်။ ကြီးစွာသော ခြားနားချက်ရှိနေစေကာမူ"ဂျီဟတ်လှုပ်ရှားသူ" အုပ်စုများသည် ယုံကြည်မှုကို အခြေခံသော မူများကို မျှဝေလာသည်။ စစ်မှန်သော အစ္စလာမ်ဘာသာလူ့အဖွဲ့ အစည်းသို့ပြန်ရောက်ရန် တိုက်ခိုက်ရမည်ဟုဆိုသည်။ ၎င်းတို့နားလည်သော အစ္စလာမ်မစ်၏ အရေးကြီးသော အာရုံပြုရမည့်အရာများနှင့်ပတ်သက်ပြီး ဝိရောဓိဖြစ်နေသော မူဝါဒများ ချမှတ် သော အုပ်စိုးသူများကို အကြမ်းဖက်ရန်၊ အကယ်၍ မူဆလင်အုပ်စိုးသူများက အဆိုပါကိစ္စရပ်များကို မလိုက်နာ ပါက အကြမ်းဖက်ရန်မှာ တာဝန်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်သည်။ ဤစာတမ်းတွင်"ဂျီဟတ်လှုပ်ရှားသူ" ဟူ သော စကားရပ်ကို အသုံးပြုခြင်းမှာ ၎င်းကို တရားဝင်အောင် ပံ့ပိုးသည့် အဓိပ္ပါယ်မဟုတ်သည့်ပြင် အခြား အဓိပ္ပါယ်ဖွင့်ဆိုချက်များကို မြှင့်တင်ရန် ကြိုးစားမှုများမှ လမ်းလွဲအောင်လုပ်ခြင်းလည်းမဟုတ်ပေ။ "အကြမ်း ဖက်ဝါဒ" နှင့် "အကြမ်းဖက်သမား" ဆိုသည့် စကားလုံးများကို သုံးထားခြင်းမှာလည်း အစိုးရမဟုတ်သော သူ များက နိုင်ငံရေးရည်မှန်းချက်များကိုရရှိရန်အလို့ငှာ ကြောက်ရွံ့ကြသည်ဆိုသည့်စိတ်ကိုအသုံးချ၍ အထူးသဖြင့် အရပ်သားများအပေါ် အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းကို အသုံးပြုရန် ကြိုးစားသည်ဆိုသည်ကို ဖော်ပြလိုခြင်း ကြောင့်သာဖြစ်သည်။ See Crisis Group Special Report N°1, *Exploiting Disorder: al-Qaeda and the Islamic State*, 14 March 2016.

ဆိုသည်မှာ စွန်နီလူကြိုက်ပြန်များလာရေး လှုပ်ရှားမှုဖြစ်ပြီး သြဇာအရှိဆုံး ရိုဟင်ဂျာဘာသာရေးခေါင်းဆောင်များက လိုက်လံလုပ်ဆောင်ကြသည်) ။

